# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 1, 2020 Volume 32, Number 1


| | |
|---|---|
| ၁.၆.၂၀၂၀ | |
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၉၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၂/- ကျပ် |
| CBM Rate | = ၁၃၉၇.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉3.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၁.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အစိုးရသစ်သက်တမ်း လေးနှစ်တာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၁ ဘီလျံကျော်ရှိပြီး ကုန်ထုတ်လုပ်မှု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ ဝန်ဆောင်မှုကဏ္ဍများ၌ အများဆုံးခွင့်ပြုထား




အစိုးရသစ်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်ရှိပြီး ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဝန်ဆောင်မှုကဏ္ဍများ၌ အများဆုံးခွင့်ပြုပေးထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ အစိုးရသစ်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဒသမ ၄၄၈ ဘီလျံအထိ ခွင့်ပြုပေးထားသည်။

ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းထွက်လုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုဇုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်အခြားဝန်ဆောင်မှုလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍ ၁၂ ခု၌ အဓိက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အစိုးရသစ်လက်တွင် ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် နိုင်ငံ၏သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသောကဏ္ဍများထက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်လမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့်လုပ်ငန်း အမျိုးအစားများကို ဦးစားပေးခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အစိုးရသစ်သက်တမ်း လေးနှစ်တာအတွင်း သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာခြောက်ဘီလျံကျော်အထိ အများဆုံးခွင့်ပြုပေးထားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၅ ဒသမ ၄ ဘီလျံကျော်အထိ ဒုတိယအများဆုံးခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။ အိမ်ခြံမြေကဏ္ဍတွင် ဒေါ်လာ ၃ ဒသမ ၃ ဘီလျံကျော်၊ လျှပ်စစ်ကဏ္ဍတွင် ဒေါ်လာ ၂ ဒသမ ၅ ဘီလျံကျော်၊ ဝန်ဆောင်မှုကဏ္ဍတွင် ဒေါ်လာ ၂ ဒသမ ၃ ဘီလျံကျော်ဖြင့် အများဆုံးခွင့်ပြုပေးထားခြင်းဖြစ်သည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ်ဧပြီလကုန်အထိ မြန်မာနိုင်ငံ၌ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်ပမာဏ ဒေါ်လာ ၈၅ ဒသမ ၁၆၇ ဘီလျံတန်ဖိုးရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀၀၀ နီးပါးအထိ လာရောက်ရင်းနှီးမြှုပ်နှံထားသည်။

ယင်းအနက် စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၃ ဘီလျံကျော်ရှိ လုပ်ငန်းပေါင်း ၃၂၅ ခုအထိ လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ စုစုပေါင်းပမာဏ၏ ၂၇ ရာခိုင်နှုန်းကျော်ရှိပြီး အများဆုံးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်တန်ဖိုးရှိ လုပ်ငန်းပေါင်း ၄၇၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ စုစုပေါင်းပမာဏ၏ ၂၅ ရာခိုင်နှုန်းရှိပြီး ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၁၁ ဘီလျံကျော်ရှိပြီး အများဆုံး ရင်းနှီးမြှုပ်နှံထားသော နိုင်ငံများအဆင့်တွင် အဆင့်သုံးတွင်ရှိသည်။ ဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာတစ်ဘီလျံခန့်ရှိပြီး အဆင့်လေးနေရာတွင် ရှိသည်။ ဗြိတိန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်း ၄၉၀ ကျော်ရှိပြီး အဆင့်ငါးနေရာတွင်ရှိသည်။ ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့်ခြောက် ၊ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့်ခုနစ်၊ မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့်ရှစ်၊ နယ်သာလန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့်ကိုး၊ ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် ၁၀ စသည်ဖြင့် အသီးသီးလာရောက်ရင်းနှီးမြှုပ်နှံထားသည်။

**Source:** https://news-eleven.com/article/176160

## COVID 19 အလွန် မြန်မာ့စီးပွားရေးတိုးတက်ရန် ပြည်တော်ပြန်များ၏စွမ်းအားသုံးနိုင်ရေး စစ်တမ်းကောက်




COVID 19 အလွန် မြန်မာ့စီးပွားရေးတိုးတက်လာစေရန် ပြည်တော်ပြန်များ၏ စွမ်းအားများကိုအသုံးပြုနိုင်ရေး ကျွမ်းကျင်မှုအလိုက် စစ်တမ်းများကောက်ယူနေကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှသိရသည်။ "ပြည်ပက ပြန်လည်ဝင်ရောက်လာသူတွေရဲ့ ကျွမ်းကျင်မှုကိုအသုံးချပြီးတော့ ကိုဗစ်အလွန် စီးပွားရေး တိုးတက်အောင်ဆောင်ရွက်ဖို့အစီအစဉ်ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရတွေက ဘယ်သူက ၊ ဘယ်နေရာမှာ ဘာကျွမ်းကျင်တယ်ဆိုတာကို ကျွမ်းကျင်မှုအလိုက် စာရင်းကောက်ယူတာတွေလုပ်နေပါပြီ။ သက်ဆိုင်ရာဌာနတွေက ကောက်ယူနေတာပါ" ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက မြန်မာတိုင်းမ်သို့ပြောသည်။ အဆိုပါပြည်တော်ပြန်များမှာ သက်ဆိုင်ရာလုပ်ငန်းအလိုက်ကျွမ်းကျင်အဆင့်ရှိသူများဖြစ်ပြီး ယင်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ၎င်းတို့၏ကျွမ်းကျင်မှုကိုလည်း

တိုင်းပြည်အတွက် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ COVID 19 ဖြစ်စဉ်ကိုအမြတ်ထုတ်၍ ပြည်တော်ပြန်များ၏ လူ့စွမ်းအားကိုအသုံးပြုနိုင်ပါက COVID အလွန် မြန်မာ့စီးပွားရေးဦးမော့လာမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ "သူတို့ဘယ်နေရာမှာအားသန်သလဲ၊ ဘယ်နေရာမှာအားနည်းသလဲ၊ သူတို့အတွက်အခွင့်အလမ်းဘာရှိသလဲ ၊ အခက်အခဲဘာရှိသလဲဆိုတာကို ပြန်လည်သုံးသပ်ပြီး သူတို့ရဲ့အားသာချက်ကို စားရင်းကောက်ပြီး ဘယ်သူက ဘယ်နေရာမှာ ကျွမ်းကျင်သလဲဆိုတာကို အလုပ်အကိုင်အခွင့်အလမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ရှာဖွေဖန်တီးပြီးနေရာချထားပေးမယ်ဆိုရင် အဲဒီအားသာချက်ကို တိုင်းပြည်ထူထောင်တဲ့နေရာမှာအသုံးချလို့ရပါတယ်" ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။

မြန်မာနိုင်ငံသည် အခြေခံစားသောက်ကုန်ပေါများသည့်နိုင်ငံဖြစ်ပြီး သီးနှံစိုက်ပျိုးမှုအောင်မြင်သည့်အတွက် တန်ဖိုးမြှင့်ထုတ်လုပ်ကာ နိုင်ငံတကာသို့ ကုန်ချောအဖြစ်တင်ပို့နိုင်ရန်စီမံသင့်ကြောင်း၊ လက်ရှိတွင်လည်း COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတကာသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်နေကြဆဲဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှသိရသည်။

**Source: https://myanmar.mmtimes.com/news/139800.html**

## COVID-19 ဖြစ်နေချိန် စက်သုံးဆီဈေးကျဆင်းမှုကြောင့် ငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့ကျ

COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန် စက်သုံးဆီဈေး စံချိန်တင်ကျဆင်းမှုကြောင့် ဧပြီလတွင် ပြည်တွင်းငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ဒသမ ၈ ရာခိုင်နှုန်းသို့ကျဆင်းကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် COVID- 19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် မတ်လတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၉ ဒသမ ၁ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ပြီးနောက် ပြန်လည်ကျဆင်းလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိ စက်သုံးဆီ ဈေးနှုန်းများသည် ၂၀၂၀ နှစ်စပိုင်းနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် ကျဆင်းသွားသည်။ ၂၀၂၀ ဇန်နဝါရီတွင် တစ်ဂါလန် ကျပ် ၄,၁၀၀ ကျော်ရှိသော ဓာတ်ဆီဈေးနှုန်းသည် ဧပြီလတွင် ကျပ် ၂,၀၀၀ ကျော်သို့ ကျဆင်းသွားကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ ငွေကြေးဖောင်းပွမှုနှုန်း အစီ ရင်ခံစာတွင် ဖော်ပြထားသည်။ ကြက်သွန်ဖြူ ကြက်သွန်နီကဲ့သို့ စားဖိုဆောင်သီးနှံဈေးကျခြင်း၊ ရွှေဈေးကျဆင်းခြင်းတို့ကလည်း ငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ် လျော့က ျစေသည့် အကြောင်းရင်းဖြစ်သည်ဟု ဧပြီလအတွက် မြန်မာနိုင်ငံ၏စားသုံးသူဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေအစီရင်ခံစာတွင် ဖော်ပြထားသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဗဟိုစာရင်း အင်းအဖွဲ့မှ လစဉ်ထုတ်ပြန်သော ငွေကြေးဖောင်းပွမှု အစီရင်ခံစာသည် လက်တွေ့မြေပြင်အခြေအ နေနှင့် နီးစပ်စွာ တွက်ချက်ထားကြောင်း ပြည်တွင်း စီးပွားရေး ပညာရှင်အချို့ကပြောသည်။ ငွေကြေးဖောင်းပွမှုသည် ပြည်တွင်းကုန်ဈေးနှုန်း အခြေအနေကို တိုင်းတာညွှန်ပြချက်တစ် ခုဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ COVID-19 ကပ်ရောဂါဖြစ် ပွားနေချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကမ္ဘာ့ဘဏ်က ပြီးခဲ့သည့်ရက်ပိုင်းတွင် ထုတ်ပြန်ထားသည်။ COVID-19 ဖြစ်ပွားနေချိန် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက် မှု ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း ပြည်သူ့လွှတ်တော်စီးပွားရေးအကြံပေး ဦးဇော်ဖေဝင်းကပြောသည်။ ထို့အပြင် COVID-19 ဖြစ်ပွားနေချိန်တွင် ဝယ်လိုအားကျဆင်းသည့်အခြေအနေကို ကြုံနေရသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

ပြည်တွင်းဈေးကွက်တွင် အခြေခံစားသောက်ကုန်ဈေးနှုန်းသည် လက်ရှိအချိန်တွင် ပုံမှန်အခြေအနေတွင်ရှိနေသည်။ ၂၀၂၀ ဇန်နဝါရီတွင် ပြည်တွင်းဈေးကွက်၌ ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၃,၀၀၀ မှ လက်ရှိတွင် ကျပ် ၁၄,၀၀၀ သို့ အနည်းငယ်မြင့်တက်သည်။ သို့သော် အခြေခံလူတန်းစားများ စားသုံးသည့် စားအုန်းဆီဈေးနှုန်းသည် ဇန်နဝါရီက လက်ကားဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၂,၂၀၀ ကျော်မှ လက်ရှိတွင် ကျပ် ၂,၁၀၀ ဝန်းကျင်သို့ ပြန်လည်ကျဆင်းလာသည်။

**Source:** https://7day.news/detail?id=187577

## Forbes က ဖော်ပြသော COVID-19 အလွန်ကာလ ကမ္ဘာ့အဓိကခရီးသွားနေရာများဖြစ်လာရန် အလားအလာရှိသည့် နိုင်ငံ ၇ နိုင်ငံထဲတွင် မြန်မာပါဝင်



COVID-19 ကပ်ရောဂါအလွန် ကမ္ဘာ့အဓိကခရီးသွားနေရာများ ဖြစ်လာရန် အလားအလာကောင်းများရှိနေသော နိုင်ငံခုနစ်နိုင်ငံ ထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသည်ဟု Forbes က ဖော်ပြခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် မကြုံစဖူးသည့် ကျဆင်းမှုများဖြစ်ပေါ်နေစဉ် ကမ္ဘာ့ခရီးသွားလုပ်ငန်းသည်လည်း အကျပ်အတည်းနှင့်ရုန်းကန်နေရချိန် ကမ္ဘာ့နိုင်ငံအများအပြားသည်လည်း ကပ်ရောဂါအလွန် ခရီးသွားလုပ်ငန်းပြန်ကောင်းလာသည်နှင့် တပြိုင်နက် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ရန် ပြင်ဆင်နေကြသည်ဟုသိရသည်။ ယင်းသည် နိုင်ငံအချို့အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပေါ်လွင်ထင်ရှားသော အဓိကနေရာများ ဖြစ်လာစေမည့် ပထမဆုံးအခွင့်အရေးတစ်ခုလည်း ဖြစ်လာနိုင်သည်။

မြန်မာ၊ အီသီယိုးပီးယား၊ အီရန်၊ ဂျော်ဂျီယာ၊ ဖိလစ်ပိုင်၊ ဆလိုဗေးနီးယားနှင့်တူနီးရှားတို့သည် လက်ရှိအချိန်တွင် ကမ္ဘာ့အဆင့် ထိပ်တန်းခရီးသွားနေရာများဖြစ်လာရန် လုပ်ရဦးမည်ဖြစ်သော်လည်း ယင်းနိုင်ငံများတွင် အသစ်စက်စက် သဘာဝအလှ တရားများ၊ သမိုင်းကြောင်းဆိုင်ရာအမွေအနှစ်များနှင့် စိတ်ဝင်စားစရာကောင်းသော ယဉ်ကျေးမှုအတွေ့အကြုံများကို တွေ့ကြုံ ခံစားရနိုင်ကြောင်း Forbes က ဖော်ပြသည်။ စင်္ကာပူ၊ ထိုင်းနှင့် အင်ဒိုနီးရှားကဲ့သို့ လူသိများသော ခရီးသွားနေရာများက အရှေ့တောင်အာရှဒေသကို ကမ္ဘာ့အဆင့် ခရီးသွားနေရာအဖြစ်ရောက်ရှိရန် တွန်းပို့ပေးထားပြီးဖြစ်သော်လည်း ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် လျှော့တွက်အခံထားရဆုံး ခရီးသွားနေရာတစ်ခုအဖြစ်ရှိနေသည်ဟုဆိုသည်။

ဗုဒ္ဓဘုရားပုထိုးစေတီများ၊ ရှေးခေတ်လူသားယဉ်ကျေးမှု၏ အကြွင်းအကျန်များနှင့်စည်ကားသည့် မြို့ကြီးများရှိနေသည့် မြန်မာနိုင်ငံသည် COVID-19 အလွန် ကမ္ဘာ့အဓိကခရီးသွားနေရာဖြစ်လာရန် အလားအလာကောင်းသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်နေသည်ဟုသိရသည်။ ဖွံ့ဖြိုးဆဲ စီးပွားရေးအခြေအနေကြောင့်လည်း ငွေကြေးချွေတာလိုသည့်ခရီးသွားများ အဆင်ပြေပြေ လည်ပတ်ခွင့်ရရှိနိုင်မည်ဖြစ်သည်။ မြို့တော်နေပြည်တော်သည်လည်း အရွယ်အစားကြီးမားပြီး လူဦးရေနည်း၍ ယာဉ်ကြောပိတ်ဆို့မှု အလွန်တရာနည်းပါးသလို မြို့တော်ဟောင်း ရန်ကုန်သည်လည်း နိုင်ငံ၏အထွတ်အမြတ်အထားဆုံး ဗုဒ္ဓဘုရားစေတီနှင့် အင်္ဂလိပ်ကိုလိုနီခေတ် ဗိသုကာအဆောက်အအုံလက်ရာများရှိနေသည်ဟု Forbes က ဖော်ပြခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/70318

## တောင်သူများ၏ GAP လက်မှတ်ကို နှစ်စဉ် သီးနှံမပေါ်မီ ထုတ်ပေးသင့်



သီးနှံများ အစားသောက်ဘေးကင်းရေးဆိုင်ရာ GAP လက်မှတ် အတွက် သတ်မှတ်ချက်များနှင့် အညီပြင်ဆင်ဆောင်ရွက်ရခြင်းကြောင့် ငွေကြေးကုန်ကျမှုရှိပြီး ရောင်းချရာတွင် အထောက်အကူဖြစ်စေရန် သီးနှံမပေါ်မီ GAP လက်မှတ်များ ထုတ်ပေးသင့်ကြောင်း သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။ GAP လက်မှတ်ကို တစ်နှစ်တစ်ကြိမ်ထုတ်ပေးခြင်းဖြစ်ပြီး အစားအသောက်ဆိုင်ရာ ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် စံသတ်မှတ်ချက်များပြည့်စုံရန် ဆောင်ရွက်ထားရှိမှုကို စိုက်ပျိုးရေးဦးစီးဌာနမှစစ်ဆေးကာ နှစ်စဉ်ထုတ်ပေးခြင်းဖြစ်ပြီး မန္တလေးတိုင်းတွင် GAP လက်မှတ်ထုတ်ပေးမှု ၁၀၀ ကျော်ရှိသည်ဟုဆိုသည်။ “GAP ထုံးစံအရတစ်နှစ်တစ်ကြိမ်ပြန်စစ်ပြီး အသစ်ထုတ်ပေးတာပါ။ ဘယ်သီးနှံဖြစ်ဖြစ် သီးနှံမပေါ်မီကြိုတင်ပေးရမယ်။ ဒီနှစ်မှာ သရက်သီးပေါ်လို့ တစ်ဝက်လောက်မှ

လက်မှတ်ထုတ်ပေးတယ်။ ရောင်းတဲ့တောင်သူတွေက အရင်နှစ်လက်မှတ် ဟောင်းကြီးနဲ့ပြရင် သဘာဝမကျဘူး။ အဆင်မပြေဘူး။ အမြန်ဆုံး ထုတ်ပေးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးကို တင်ပြထားတယ်” ဟု၎င်းကပြောသည်။

GAP ဆိုတာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စားသောက်ကုန်ဘေးကင်းရေးနှင့် စံချိန်စံညွှန်းများဖြင့် စိုက်ပျိုးသည့် အသိအမှတ်ပြုလက်မှတ်ဖြစ်ပြီး ယင်းလက်မှတ်ရရှိမှုအတွက် Food Safety ယုံကြည်မှုပေးနိုင်သော ဈေးကွက်ဖော်ဆောင်ပေးလျှင် အလားအလာကောင်းဖြစ်လာနိုင်ပြီး လက်ရှိပြည်တွင်းဈေးကွက်တွင် GAP သီးနှံများ ဈေးကောင်းရမည်ဟု မပြောနိုင်ဖြစ်နေကြောင်းသိရသည်။ “သန့်ရှင်းပြီး အရည်အသွေးကောင်းသီးနှံတွေထွက်ဖို့ စံချိန်စံညွှန်းတွေနဲ့ညီမှ GAP ပေးတာပါ။လက်မှတ်ကို မတ်လလောက် ထုတ်ပေးရင်ပိုအဆင်ပြေမယ်။ ဒီနှစ်မှာ ကိုဗစ်ကြောင့် နောက်ကျသွားတယ်ထင်တယ်။ လက်မှတ်အတွက် ၆ လလောက်ကြိုတင်ပြင်ဆင်ချိန်ရပြီး စာရွက်စာတမ်းတွေ အဆင့်သင့်ဆိုတော့ထုတ်ပေးရင် မြန်နိုင်မှာပါ”ဟု သဇင်နွယ်သရက်စက်ရုံမှ ဒေါ်သန်းသန်းဆွေကပြောသည်။

မူဆယ်နယ်စပ်မှ သီးနှံများ တရုတ်သို့တင်ပို့ရာတွင် GAP လက်မှတ်ရှိသော သီးနှံများကို Green Channel လမ်းကြောင်းဖြင့် စစ်ဆေးရန်မလိုဘဲ တိုက်ရိုက်သွားနိုင်သည်ဟု မြန်မာနှင့်တရုတ်နိုင်ငံဘက်မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း ယခုနှစ်တွင် COVID-19 ကြောင့် ၎င်းအစီအစဉ်မှာ သက်ရောက်မှုမရှိဖြစ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139714.html

## ထားဝယ်အထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလေ့လာရန် JICAမှ အဆိုပြုထား




ထားဝယ်အထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအတွက် လေ့လာရန် JICA က အဆိုပြုထားကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီထံမှ သိရသည်။ "ရေနက်ဆိပ်ကမ်းဆောက်ဖို့ လုပ်ငန်းလေ့လာရေးလုပ်ချင်တယ်ဆိုပြီး ဂျပန် JICA က အဆိုပြုထားတယ်။ အဆိုပြုတာကတော့ ၂၀၁၉ ဒီဇင်ဘာလလောက်ကတည်းကပါ။ ဒါပေမယ့်သူတို့တင်ပြတဲ့အထဲမှာ အချက်အလက်အားနည်းတဲ့အတွက် အချက်အလက်လေးတွေပိုပါဖို့ သူတို့ကို မေတ္တာရပ်ခံခဲ့တယ်။ ကြားထဲမှာ COVID ဖြစ်သွားတဲ့အတွက်မတွေ့ဖြစ်ဘူး။ မေ ၂၁ ရက်မှာတော့ Video Conferencing နဲ့ထပ်ပြီးတော့ဆွေးနွေးကြပါတယ်'' ဟု ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းက မြန်မာတိုင်းမ်သို့ ပြောသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အနေဖြင့် လေ့လာမှုများကို လာမည့်ပွင့်လင်းရာသီတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းရေနက်ဆိပ်ကမ်းသည် ထားဝယ်အထူးစီးပွားဇုန် ပင်မစီမံကိန်း၏ အစိတ်အပိုင်းဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုပမာဏအား ခန့်မှန်းမရသေးကြောင်းသိရသည်။ "သူတို့ကလေ့လာမှုတွေက ပင်လယ်ထဲမှာလုပ်ရ မှာဖြစ်တဲ့အတွက် ပွင့်လင်းရာသီမှာ စလုပ်ချင်ကြတယ်။ မိုးကုန်လောက်မှာစလုပ်ဖြစ်မယ်။ ရေအတက်အကျတို့ ၊ လှိုင်းရိုက်ခတ်မှုတို့ ပင်လယ်နဲ့ ပတ်သက်တဲ့ လေ့လာမှုတွေလုပ်မယ်။ ကျွန်တော်တို့ကလက်တွေ့ကျတဲ့အကောင်အထည်ဖော်မှုတွေ မြန်မြန်ဆန်ဆန်လုပ်ချင်တယ်။ ဒီလိုလေ့လာရုံတင်မရဘဲ၊ တကယ်ရင်းနှီးမြှုပ်နှံသူတွေ ပါဝင်လာရင်ပိုကောင်းတယ်လို့ ကျွန်တော်တို့က အကြံပြုထားတယ်'' ဟု ဒေါက်တာမြင့်ဆန်းကပြောသည်။

အဆိုပါထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ကနဦးစီမံကိန်းအဖြစ် ၂၀၀၈ ခုနှစ်တွင် အီတာလျံထိုင်းကုမ္ပဏီကို လုပ်ပိုင်ခွင့်ပေးခဲ့သော်လည်း ဘဏ္ဍာငွေကြေး ၊ နည်းပညာ ၊ ဈေးကွက်ထိုးဖောက်မှုအားနည်းခြင်း ၊ စီမံကိန်းဧရိယာကြီးမားခြင်း စသည်တို့ကြောင့် မအောင်မြင်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကန်ထရိုက်လုပ်ငန်းများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ ထို့နောက် ကြီးမားသည့်ဧရိယာဖြစ်သည့် စတုရန်းကီလိုမီတာ ၂၀၀ ခန့်မှ ၂၇ စတုရန်းကီလိုမီတာအထိ အရွယ်အစားလျှော့ချကာ ပင်မစီမံကိန်းအဖြစ် အီတာလျံထိုင်းကုမ္ပဏီကိုပင် ထပ်မံလုပ်ပိုင်ခွင့်ပေးခဲ့သည်။

ယခုအခါ စီမံကိန်းလုပ်ငန်းကြီးတစ်ခုလုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဖိတ်ခေါ်ခြင်းဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်ပေါက်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်ထက် ၈ ဆခန့်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ထက် ၁၀ ဆ ကျော်ကြီးမားသည်။ ထို့အတူ ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရွယ်အစားအကြီးဆုံး အထူးစီးပွားရေးဇုန်ဖြစ်ကာ ဧက ၅ သောင်းခန့်၊ စတုရန်း ကီလိုမီတာ ၂၀၀ ခန့်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/139762.html

## မူဆယ်တွင် လုံခြုံရေး တင်းကျပ်သော်လည်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပုံမှန်အခြေအနေတွင်ရှိဟုဆို



မူးယစ်ဆေးဝါးနှင့် လက်နက်များ ဖမ်းဆီးရေးကို တိုးမြှင့်လုပ်ဆောင်နေသဖြင့် မူဆယ်မြို့တွင် လုံခြုံရေးတင်းကျပ်ထားသော်လည်း မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးက ပုံမှန်အခြေအနေတွင်ရှိနေသည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသည် ယခင်ကဲ့သို့ပင် ပုံမှန်လုပ်ဆောင်နေပြီး တရုတ်နိုင်ငံအဝင် ယာဉ်ကြောကျပ်တည်းမှုများက ဆက်ရှိနေသည်ဟု ၎င်းတို့ ကပြောသည်။

ယခုရက်ပိုင်းတွင် မူးယစ်ဆေးနှင့်လက်နက်များ ဖမ်းဆီးမှုကို မူဆယ်မြို့တွင် တိုးမြှင့်လုပ်ဆောင်နေပြီး လုံခြုံရေးကိုလည်း တင်းကျပ်ဆောင်ရွက်နေသည်ဟု ကုန်သည်အချို့ကပြောသည်။ လက်ရှိပြည်တွင်းမှ ဆန်နှင့်ဆန်ကွဲအပါအဝင် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်အချို့ တရုတ်နိုင်ငံသို့တင်ပို့နေသည်။ တရုတ်နိုင်ငံမှလည်း စက်မှုကုန်ကြမ်းပစ္စည်းများဖြစ်သော အထည်အလိပ်နှင့်လူသုံးကုန်ပစ္စည်းများ၊ ဓာတ်မြေဩဇာအပါအဝင် လယ်ယာလုပ်ငန်းသုံးသွင်းအားစုများ တင်သွင်းနေသည်။

ယခုရက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းအနီးတွင် တိုက်ပွဲအချို့ပြန်လည်ဖြစ်ပေါ်လာသော်လည်း ၂၀၁၉ နှစ်လယ်ပိုင်းက ကြုံခဲ့ရသည့်ဖြစ်စဉ်မျိုးမရှိသေးကြောင်း ကုန်သည်အချို့ကပြောသည်။ "ဒီရက်ပိုင်းဖြစ်စဉ်တွေက ကုန်သွယ်ရေးကိုမထိခိုက်ပါဘူး" ဟု မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုအသင်း ဥက္ကဋ္ဌဦးဝင်းအောင်ခန့်ကပြောသည်။ လက်ရှိ မူဆယ်၊ ရွှေလီ လမ်းကြောင်း၌ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၏ အခက်အခဲမှာ COVID-19 ကပ် ရောဂါတားဆီးရေးခေါင်းစဉ်ဖြင့် တရုတ်အစိုးရ၏ ယာဉ်မောင်းလဲလှယ် စနစ်ဖြင့် ကုန်စည်ပို့ဆောင်နေရခြင်းကြောင့် ကုန်သွယ်မှုနှောင့်နှေးစေခြင်းဖြစ်သည်ဟု၎င်းကဆိုသည်။ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေး မြန်ဆန်စေရန် မြန်မာနိုင်ငံဘက်မှ တရုတ်အစိုးရထံ ညှိနှိုင်းတောင်းဆိုထားသော်လည်း မေလကုန်အထိ ပြန်လည် ဖြေရှင်းပေးခြင်းမရှိသေးကြောင်း ဦးဝင်းအောင်ခန့်ကပြောသည်။

**Source:** https://7day.news/detail?id=187579

## ယာဉ်သွားလာမှုပြန်များလာသော်လည်း စက်သုံးဆီရောင်းအားမတက်ဟုဆို



မေလဆန်းပိုင်းကစ၍ အသွားအလာ ကန့်သတ်မှုအချို့ဖြေလျှော့ခဲ့၍ ယာဉ်အသုံးပြုမှု ပိုများလာသော်လည်း စက်သုံးဆီဈေးပြန်တက်လာသဖြင့် ရောင်းအားမတက်ကြောင်း စက်သုံးဆီ အရောင်းဆိုင် တာဝန်ရှိသူအချို့ကပြောသည်။ COVID-19 ကြောင့် ဧပြီကစ၍ စက်သုံးဆီရောင်းအားကျဆင်းခဲ့ပြီး ယခုကာလတွင် စက်သုံးဆီဈေး တစ်ကျော့ပြန်တက်လာသဖြင့် ယခင်ရောင်းအားအခြေအနေသို့ ပြန်မရောက်သေးဟု ၎င်းတို့ကဆိုသည်။

"ရောင်းအား ၅၀ ရာခိုင်နှုန်း ကျသွားရာကနေ ၁၅ ရာခိုင်နှုန်းလောက်အထိ ပြန်တက်လာတယ်။ အရင်စံနှုန်းထက်တော့ လျော့နေတုန်းပဲ" ဟု စက်သုံးဆီအရောင်းဆိုင် မန်နေဂျာတစ်ဦးဖြစ်သည့် ဦးသော်တာက ပြောကြားသည်။

ပြည်တွင်း စက်သုံးဆီဈေးသည် မေလ ၇ ရက်ကစ၍ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ မေလ ၃၀ ရက် စက်သုံးဆီဈေးနှုန်းမှာ အောက်တိန်း 92 တစ်လီတာ ၄၄၀ ကျပ်၊ အောက်တိန်း 95 တစ်လီတာ ၅၆၀ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၅၃၀ ကျပ်ဈေးရှိသည်။ "ဆီဈေးလည်းပြန်တက်လာတယ်။ ခရီးသည်ကလည်း သိပ်မရတော့ချိန်ထည့်နေရတာပဲ" ဟု အငှားယာဉ်မောင်း ကိုသက်ခိုင်ကပြောသည်။ သို့သော် ဇွန်လ ၁ ရက်ကစ၍ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲရန်ရှိ၍ စက်သုံးဆီရောင်းအား မြင့်တက်နိုင်သည်ဟု ဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။

**Source:** https://7day.news/detail?id=187456

## ကျောက်ဆည်မြို့နယ်အတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသည့် နဂါးမောက်ပင်များအောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ဆန်စပါးကို အဓိကစိုက်ပျိုးကြသော်လည်း အချို့တောင်သူများသည် မိမိတို့၏ မြေအမျိုးအစားနှင့်ဈေးကွက်အရ အခြားဈေးကွက်ဝင် သီးပင်စားပင်များလည်း စိုက်ပျိုးကြကြောင်း သိရှိရသည်။ ထိုသို့ စိုက်ပျိုးရာတွင် သင်တောင်းကြီးကျေးရွာအနီး တောင်သူဦးစံမြင့် စိုက်ပျိုးထားသည့် နဂါးမောက်ခြံသည် အောင်မြင်ဖြစ်ထွန်းလျှက်ရှိကြောင်းသိရှိရသည်။

နဂါးမောက်စိုက်ပျိုးမည်ဆိုပါက လေဝင်လေထွက်ကောင်းစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ငါးပေနှင့်ခြောက်ပေ အကွာ၊ တစ်တန်းနှင့်တစ်တန်း ၁၀ပေ၊ ၁၂ပေအကွာစိုက်ပျိုးရပြီး ရာသီဥတုပူပြင်းပါက အပင်များအပေါ်သို့ တစ်နေ့တစ်ကြိမ် ရေများဖျန်းပေးခြင်းနှင့် မြေများကိုလည်း စိုစွတ်အောင်ပြုလုပ်ပေးရကြောင်း၊ စိုက်ပျိုးပြီးအချိန်မှစ၍ ၁၅ ရက် တစ်ခါ အာမိုမြေဩဇာ သင့်တင်သလောက် ကြွေးပေးရကြောင်း၊ သက်တမ်းလေးလသားအရွယ်တွင် အပင်အခြေများတွင် မြေပြုပြင်ပေးပြီး ကြက်ချေးနှင့်ဖွဲပြာရောကာ ကျွေးပေးရကြောင်း နဂါးမောက်စိုက်တောင်သူ ဦးစံမြင့်၏ပြောပြမှုအရသိရှိရသည်။

နဂါးမောက်မျိုးသည် အဖြူအနီ၊ ပန်းရောင်သုံးမျိုးရှိကာ တစ်ဧကအပင် လေးထောင်ပတ်ဝန်းကျင်စိုက်ပျိုးနိုင်ပြီး စိုက်နည်းစနစ်မှန်ကန်ပါက နဂါးမောက်ခြံတစ်ခြံ၏ သက်တမ်းမှာ အနှစ် ၂၀ခန့်ကြာကြောင်း၊ လက်ရှိအချိန်တွင် နဂါးမောက် အဖြူမျိုး တစ်ပင်၏ဈေးနှုန်းမှာ ကျပ် ၅၀၀၊ အနီဈေးနှုန်းမှာ ကျပ် ၈၀၀ ၊ပန်းရောင်ဈေးနှုန်းမှာ ကျပ် ၂၀၀၀ခန့် ရှိကြောင်းသိရှိရပြီး တစ်ဧက စိုက်ပျိုးမည်ဆိုပါက ငွေကျပ်သိန်း ၂၂၀ကျော်ခန့် ကုန်ကျကြောင်းလည်းသိရှိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အာဆီယံအဖွဲ့ဝင် ၃ နိုင်ငံက မြန်မာ့ဆန်ဝယ်ယူရန်ကမ်းလှမ်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့က မြန်မာနိုင်ငံမှ ဆန်ဝယ်ယူရန် ကမ်းလှမ်းလာသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်ကိုပြောသည်။ "သံရုံးတွေကနေ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ကမ်းလှမ်းလာတာ။မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့က ဆန်ဝယ်ဖို့ကိစ္စတွေကမ်းလှမ်းလာတယ်။အခုလက်ရှိမှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကလည်း ဒါနဲ့ ချိတ်ဆက်ပြီး ဖိလစ်ပိုင်က တင်ဒါကိုလည်း ဝင်ပြိုင်ဖို့ဆောင်ရွက်နေတယ်"ဟု ၎င်းကပြောသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဆန်တန်ချိန် ၃ သိန်းဝယ်ယူရန်နှင့် မလေးရှားနိုင်ငံမှလည်း ဆန်တန်ချိန် ၅၀,၀၀၀ ဝယ်ယူမည်ဟု ကမ်းလှမ်းလာပြီး အင်ဒိုနီးရှားနိုင်ငံက ကမ်းလှမ်းမှုလုပ်ထားသော်လည်း လက်ရှိတွင် တန်ချိန်မည်မျှဝယ်ယူမည်ကို မပြောဆိုသေးကြောင်း ဦးခင်မောင်လွင်က ပြောသည်။ ဖိလစ်ပိုင်ဈေးကွက်သည် ယခုကမ်းလှမ်းမှုအပြင် ပုံမှန်လည်း တင်ပို့နေသော ဈေးကွက်ဖြစ်ပြီး တန်ချိန် ၆၀,၀၀၀ ကျော်ခန့်ပို့ထားကာ တန်ချိန် ၁၀,၀၀၀ ထပ်ပို့ရန် လတ်တလောတွင်စီစဉ်နေသည်။

မလေးရှားသည် အစိုးရချင်း G to G လက်မှတ်ရေးထိုးဝယ်ယူလိုပြီး ဝယ်ယူရေးအတွက် လက်ရှိတွင် မလေးရှားနိုင်ငံရှိ BERNAS အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အကြား ညှိနှိုင်းဆွေးနွေးလျက်ရှိရာ မကြာမီရောင်းဝယ်ရေးကိစ္စ အကောင်အထည်ပေါ်လာမည်ဖြစ်သည်။ ကိုဗစ်ကြောင့် နိုင်ငံတိုင်းသည်ရိက္ခာများဝယ်ယူစုဆောင်းလျက်ရှိရာ ယခုဝယ်ယူရန် ကမ်းလှမ်းမှု

သည်လည်း အရေးပေါ်လိုချင်ကြပြီး ယင်းအပေါ်တွင်ရေရှည်ဈေးကွက်ဖြစ်ရန် ညှိနှိုင်းဆောင်ရွက်ရမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလက်ထောက်အတွင်းဝန်ကဆိုသည်။ ''လက်ရှိမှာ နိုင်ငံတကာဆန်ဈေးကလည်း နည်းနည်းတင်းကြပ်နေတဲ့ အနေအထားမှာရှိတယ်။ အားလုံးလိုချင်သလောက်ကတော့ ဖြစ်ချင်မှဖြစ်မယ်။ ဈေးနှုန်း အနေအထားလည်း လက်ရှိမှာ ဈေးမြင့်တက်နေတဲ့အတွက် ဈေးနှုန်းပြန်ညှိရမယ်''ဟု ၎င်းကဆိုသည်။

ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှုကို လက်ရှိတင်ပို့နေသည့် နိုင်ငံပေါင်း ၈၀ အတွက်ပုံမှန်တင်ပို့နိုင်ရေး၊ ဈေးကွက်သစ်များ ကမ်းလှမ်းလာမှုအပေါ် တင်ပို့နိုင်ရေးသည် ပြည်တွင်း၌ အရေးပေါ်ရိက္ခာ အရန်ဆန်ထားရှိရန်လည်းရှိရာ ပြည်ပတင်ပို့မှုကို ချင့်ချိန်ဆောင်ရွက်နေသည်ဟု ဦးခင်မောင်လွင်ကပြောသည်။ ''လက်ရှိမှာ ဆန်ဈေးကွက်က အရမ်းကျယ်ပြန့်နေတယ်။ဝယ်လိုအားက အများကြီးရှိနေတယ်။ အရမ်းထွက်သွားမယ်ဆိုရင်လည်း ပြည်တွင်းရိက္ခာကို တစ်ဖက်က ပြန်ကြည့်ရမယ့် အနေအထားဖြစ်တယ်။ ပြည်တွင်းရိက္ခာဖူလုံဖို့ လိုအပ်တယ်။ နောက်တစ်ခုက ပြည်တွင်းမှာ ပိုလျှံနေရင်လည်း ဆန်ဈေးက ပြီးခဲ့တဲ့ မိုးစပါးဆိုရင် ၅ သိန်းလောက်ထိ ဈေးကျသွားတာ ရှိတယ်။ တောင်သူတွေမှာလည်း အကျိုးအမြတ်နည်းသွားမယ့်ဟာရှိတယ်။ ဒီအပေါ်မှာ ပြည်ပတင်ပို့တဲ့ဈေးကွက်အပေါ်ကိုလည်း တင်ပို့မှုမပြတ်စေဖို့ချိန်ဆပြီး ဆောင်ရွက်နေတယ်။ လိုအပ်ရင် အရေးပေါ်ဆန်ရိက္ခာတွေက ထုတ်ပေးနိုင်အောင် ဈေးကွက် တည်ငြိမ်ရေးကိစ္စတွေ ဒါတွေအပေါ်ချင့်ချိန်ပြီး ပြည်ပတင်ပို့မှုကိစ္စချင့်ချိန်ဆောင်ရွက်နေပါတယ်''ဟု ၎င်းကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပသို့ဆန်တင်ပို့မှုကို ဧပြီလတွင်လိုင်စင်ထုတ်ပေးခြင်း ရပ်ဆိုင်းခဲ့ပြီး မေလတွင် ပြန်လည်စတင်ကာ တန်ချိန်တစ်သိန်းခွဲတင်ပို့စေခဲ့သည်။ ပြည်ပတင်ပို့မှုထဲမှ ၁၀ ရာခိုင်နှုန်းစီဖြင့် အရန်ဆန်အတွက် ရောင်းချရန်သတ်မှတ်ခဲ့ပြီး အစိုးရကအရေးပေါ်အရန်ဆန် တန်ချိန် ၅၀,၀၀၀ ဝယ်ယူရန်လျာထားသည်။ မြန်မာသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ပသို့ဆန်တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့ရန်လျာထားပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရ ၂၀၂၀ မေလ ၁၅ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ထားမှုမှ ပို့ကုန်ဝင်ငွေ ၅၄၂ သန်းကျော်ရရှိထားသည်။ ဆန်ကို နိုင်ငံပေါင်း ၆၂ နိုင်ငံသို့ မက်ထရစ်တန်ချိန်ပေါင်း ၁ ဒသမ ၂ သန်းကျော်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၃၇၄ သန်းကျော်၊ ဆန်ကွဲကို နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ တန်ချိန်ပေါင်း၆ သိန်းကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၆၈ သန်းကျော်ရရှိထားသည်။ ထိုသို့တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၁၄ ရာခိုင်နှုန်း၊ ပင်လယ်ရေကြောင်းမှ ၈၅ ရာခိုင်နှုန်းကျော်တင်ပို့ထားသည်။

**Source:** https://myanmar.mmtimes.com/news/139802.html

## စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ် နှံမှုကော်မတီအနေနှင့် စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးလိုက်ကြောင်း ယင်းကော်မတီထံမှသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၈/၂၀၂၀ ကြိမ် မြောက်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် မေလနောက်ဆုံးအပတ်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးတွင် ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

စက်မှုကဏ္ဍတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှု လုပ်ငန်း ၁ ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများတွင် CMP စနစ်ဖြင့် အဝတ်အထည်ချုပ် လုပ်ခြင်းလုပ်ငန်း၊ ဆန်ဖြင့်ပြုလုပ်သည့် မုန့်အမျိုးမျိုး (ဆန်ကွတ်ကီး၊ ဆန် ဘီစကစ်၊ ဆန်ခရက်ကာ စသည်ဖြင့်) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများပါဝင်ကြောင်းသိရသည်။ အဆိုပါအတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂ သန်းနှင့် မြန်မာကျပ်ငွေ ၁၆၀၄ သန်းဖြစ်ပြီး စုစုပေါင်းလုပ်ငန်းနှစ်ခု တို့မှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၉၉၆ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီထံမှသိရသည်။ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များက Video Conferencing စနစ်ကိုအသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**Source: The Voice** – https://news.ydnp.net/349505/

## အင်ဒိုနီးရှားနိုင်ငံမှ နဂါးမောက်သီးများ တင်သွင်းခွင့်ပြုလိုက်သည့် တရုတ်နိုင်ငံ



တရုတ်နိုင်ငံသည် ၎င်း၏ အကောက်ခွန်စစ်ဆေးရာတွင် လိုအပ်သော အပင်နှင့် ပိုးမွှားရောဂါကင်းရှင်းရေးစစ်ဆေးမှုများကို ပြည့်မီသည့် အင်ဒိုနီးရှားနိုင်ငံမှ နဂါးမောက်သီး (၃)မျိုးအား တင်သွင်းခွင့်လိုက်ပါသည်။ ၎င်းနဂါးမောက်သီးအမျိုးအစားများမှာ အလွန်နီရဲသည့်အမျိုးအစား (Super red dragon fruit)၊ အနီရောင်အမျိုးအစား (Red dragon fruit)နှင့် အဖြူရောင်အမျိုးအစား (White dragon fruit)တို့ဖြစ်ကြပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့မည့် အင်ဒိုနီးရှားမှ နဂါးမောက်သီးစိုက်ပျိုးသောခြံများသည် အင်ဒိုနီးရှား စိုက်ပျိုးရေးဆိုင်ရာစစ်ဆေးရေးအေဂျင်စီ၏ စီမံ ခန့်ခွဲမှုအောက်၌ ကျန်းမာရေးနှင့်ညီညွတ်စေမှုကို အဆင့်မြင့်မြင့်ဆောင်ရွက်ရန်၊ သစ်သီးခူးဆွတ်ပြီး ပါက သန့်ရှင်းရေးချက်ချင်းပြုလုပ်ပေးရန်နှင့် ရာသီကုန်ဆုံးမှသာ သစ်သီးခူးဆွတ်ရန်တို့အပါအဝင် ကောင်းမွန်သောစိုက်ပျိုးရေးကျင့်စဉ်(GAP)များကို အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

ပိုးမွှားနှင့်ရောဂါစောင့်ကြည့်စစ်ဆေးရေး၊ ဓာတုဗေဒဆိုင်ရာ သို့မဟုတ် ဇီဝဗေဒဆိုင်ရာထိန်းချုပ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကဲ့သို့သော ထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများအား အပြည်ပြည်ဆိုင်ရာပိုးမွှားစီမံခန့်ခွဲရေးဖြင့် နေရာတကျ ထားရှိသွားမည်ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ၌ GAPအသိအမှတ်ပြု နဂါးမောက် စိုက်ခင်းပေါင်း ဟက်တာ (၁၂၉,၆၄၈) ရှိပြီး၊ အရှေ့ဂျာဗား၊ အလယ်ပိုင်းဂျာဗားနှင့် ဘာလီတို့တွင် စိုက်ပျိုးထားခြင်းဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတဝှမ်း၌ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ စားသောက်ကုန်စိတ်ချလုံခြုံရေးဌာနများက အတည်ပြုထားသော သစ်သီးဝလံထုပ်ပိုးသည့် ရုံပေါင်း (၅)ရုံရှိပြီး မလေးရှား၊ စင်ကာပူ၊ နယ်သာလန်၊ အီတလီ၊ စပိန်နှင့်ဂျပန်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ (၁၄၃,၀၀၀) တန်ဖိုးရှိ နဂါးမောက်သီးများတင်ပို့ထားကြောင်း သိရပါသည်။

တရုတ်နိုင်ငံသည် နဂါးမောက်သီးများအား ဗီယက်နမ်နိုင်ငံမှလည်း ရထားဖြင့်တင်သွင်းလျက်ရှိပါသည်။ သစ်သီးဝလံတင်ပို့သည့်ရထားကို ၂၀၂၀ ခုနှစ် မတ်လအတွင်း ဗီယက်နမ်နိုင်ငံမှတရုတ်နိုင်ငံသို့ ပထမဆုံးစတင်ပြေးဆွဲခဲ့ခြင်းဖြစ်ကာ၊ ၎င်းလမ်းကြောင်းဖြင့် အာဆီယံနိုင်ငံများမှ ထွက်ရှိသောသစ်သီးဝလံများကို တရုတ်နိုင်ငံသို့ တင်သွင်းနိုင်ပြီဖြစ်ပါသည်။ တရုတ်နိုင်ငံဘက်မှ မီးရထားဆိုက်ရောက်သည့်ဘူတာမှာ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်းရှန်ဘူတာဖြစ်ပါသည်။ ၎င်းရထားဖြင့် သယ်ယူသောသစ်သီးများ မှာ တရုတ်အထွေထွေအကောက်ခွန်ဌာနမှ စစ်ဆေးမှုများကို အောင်မြင်စွာကျော်ဖြတ်နိုင်ရမည်ဖြစ်ပြီး၊ ရက်သတ္တတစ်ပတ်လျှင် မီးရထားပြေးဆွဲမှု (၂)ကြိမ်မှ (၃)ကြိမ်ခန့်ရှိကြောင်းသိရပါသည်။

**Source:** Fruitnet (၂၆-၅-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## ၂၀၂၀ ခုနှစ်တွင် စင်ကာပူ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ (-) ၇ ရာခိုင်နှုန်းမှ (-) ၄ ရာခိုင်နှုန်းဘောင်အတွင်း ကျဆင်းနိုင်ကြောင်း သတင်းထုတ်ပြန်

၂၀၂၀ ခုနှစ် စင်ကာပူ၏ GDP တိုးတက်မှုနှုန်းခန့်မှန်းချက်ကို ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ဌာနက ၂၆ - ၅ - ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းခန့်မှန်းစာရင်းအရ ၂၀၂၀ ခုနှစ်တွင် စင်ကာပူ၏ စီးပွားရေးမှာ (-) ၇ ရာခိုင်နှုန်းမှ (-) ၄ ရာခိုင်နှုန်းဘောင်အတွင်း ကျဆင်းနိုင်ပြီး၊ ယခင် မတ်လ ၂၆ ရက်နေ့က ပြုလုပ်ခဲ့သော (-) ၄ ရာခိုင်နှုန်းမှ (-) ၁ ရာခိုင်နှုန်းဘောင်အတွင်း စီးပွားရေးကျဆင်းနိုင်ကြောင်း ၎င်း၏ရှေ့ပြေးခန့်မှန်းချက်ထက် ပိုမိုလျှော့ချလိုက်ခြင်းဖြစ်ပါသည်။ ထိုပြင့် ၂၀၂၀ ခုနှစ်၊ ပထမ (၃) လပတ် (ဇန်နဝါရီလမှ မတ်လအထိ) အတွင်း စင်ကာပူ၏စီးပွားရေးသည် (-)၀.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

COVID-19 သည် ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် မျှော်လင့်ထားသည်ထက်ပင် ပိုမိုဆိုးရွားစွာဂယက်ရိုက်ခတ်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ထိပ်သီးဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့သည် စီးပွားရေး ကျဆင်းမှုကို ရင်ဆိုင်ရဖွယ်ရှိသောကြောင့် ကမ္ဘာ့စီးပွားရေး မှာ (-) ၃ ရာခိုင်နှုန်းခန့်ကျဆင်းနိုင်သည်ဟု IMF က ဧပြီလတွင် ခန့်မှန်းထားကြောင်း၊ အမေရိကန်နိုင်ငံသည် ပြည်တွင်းစားသုံးမှုကျဆင်းခြင်းနှင့် အလုပ်လက်မဲ့နှုန်း မြင့်တက်လာခြင်းတို့နှင့် အတူ စီးပွားရေးကျဆင်းနိုင်ကြောင်း၊ EU နိုင်ငံများသည် ၎င်းတို့၏ ရောဂါထိန်းချုပ်မှုအစီအမံများက လုပ်ငန်း ဆောင်ရွက်မှုများအပေါ် များစွာသက်ရောက်မှုရှိခဲ့ပြီး လုပ်သားဈေးကွက်အားပျော့ခဲ့ခြင်းကြောင့် စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အနာဂတ်ကာလတွင်ဖြစ်ပေါ်လာနိုင်သော မသေချာမရေရာမှုများနှင့် ရောဂါ ဖြစ်ပွားမှု ထပ်မံပေါ်ပေါက်လာနိုင်သည့် အခြေအနေတို့ကြောင့် ပုဂ္ဂလိကကဏ္ဍ၏ သုံးစွဲမှုလျှော့ကျလာခြင်းနှင့် တရုတ်၏ ပို့ကုန်များအပေါ် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဝယ်လိုအားကျဆင်းလာနိုင်ခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းမှာ အလွန်အမင်းအားနည်းသွားဖွယ်ရှိကြောင်း၊ အလားတူ အာဆီယံဒေသရှိ မလေးရှား၊ အင်ဒိုနီးရှားနှင့်ထိုင်းနိုင်ငံတို့သည် ပြည်တွင်း စားသုံးမှုနှေးကွေးလာခြင်းနှင့်အတူ ၎င်းတို့၏ထုတ်ကုန်များအပေါ် ပြည်ပဝယ်လိုအားလျော့နည်းလာခြင်းတို့ကြောင့် စီးပွားရေး ကျဆင်းနိုင်ကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့စီးပွားရေးအခြေအနေအပေါ် မသေချာမရေရာဖြစ်စေသော အခြားအကြောင်းအရာများမှာ အမေရိကန်နှင့် EU နိုင်ငံများကဲ့သို့သောနိုင်ငံများတွင် စီးပွားရေးဖွင့်လှစ်ဆောင်ရွက်လာခြင်းမှ ရောဂါဖြစ်ပွားမှု ထပ်မံမြင့်တက်လာနိုင်သော အန္တရာယ်ရှိပြီး၊ ထိုသို့ဖြစ်ပွားလာပါက စီးပွားရေးအပေါ်သက်ရောက်မှုများမှာ ပိုမိုပြင်းထန်သွားနိုင်ကြောင်း၊ ထို့ပြင် ယင်းနိုင်ငံ များက ဆောင်ရွက်လျက်ရှိသော ဘဏ္ဍာရေးနှင့်ငွေကြေးမူဝါဒများအပေါ် ယုံကြည်မှုကျဆင်းလာပါက ငွေရေးကြေးရေး ဈေးကွက်မတည်ငြိမ်မှုများဖြစ်ပေါ်လာကာ ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်လာနိုင်ကြောင်း ထောက်ပြထားပါသည်။

အဆိုပါကမ္ဘာ့စီးပွားရေးနောက်ခံအခြေအနေအရ စင်ကာပူနိုင်ငံအနေဖြင့် ၎င်း၏ အဓိကဝယ်လိုအားဈေးကွက်များ၏ စီးပွားရေးကျဆင်းလာမှုနှင့် ကုန်ထုတ်လုပ်မှုကွင်းဆက်ပြတ်တောက်မှုအခြေအနေတို့ကြောင့် ပြည်ပဈေးကွက်များ၏ ဝယ်လိုအားအပေါ် အဓိကမှီခိုဆောင်ရွက်သော ကုန်ထုတ်လုပ်မှု၊ လက်ကားကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင် ထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍများမှာ ဆိုးရွားစွာထိခိုက်လျက်ရှိကြောင်း၊ ရောဂါကူးစက်မှုကိုထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက် နေသော Circuit Breaker အစီအမံသည် ပြည်တွင်းစားသုံးမှုကို နှေးကွေးသွားစေပြီး အထူးသဖြင့် လက်လီ ရောင်းဝယ်ရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ရိုက်ခတ်မှုပြင်းထန်ခဲ့ကြောင်း၊ နိုင်ငံခြားလုပ်သားများ နေထိုင်သော အဆောင် များတွင် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီး လုပ်သားမလုံလောက်မှုဖြစ်ပေါ်လာကာ ဆောက်လုပ်ရေးနှင့်ပင်လယ်ကမ်းဝေး အင်ဂျင်နီယာလုပ်ငန်းများအပေါ် များစွာထိခိုက်လျက်ရှိကြောင်း၊ သို့ရာတွင် ကုန်ထုတ်လုပ်မှုကဏ္ဍမှဆေးဝါးနှင့် ဇီဝထုတ်ကုန် လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများမှာ ဆက်လက်တိုးတက် မည့် အလားအလာကောင်းများရှိကြောင်း ဖော်ပြထားပါသည်။

**Source: Ministry of Trade & Industry, Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ဂျပန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်မှု အောင်မြင်ကြောင်း WHO ပြောကြားခဲ့

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးအတွက် ဂျပန်နိုင်ငံ၏ ဆောင်ရွက်ချက်များကို “အောင်မြင်မှု” တစ်ခု အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အကြီးအကဲက ချီးမွမ်းလိုက်ကြောင်းသိရပါသည်။ ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကို မေလ ၂၅ ရက်က ရုပ်သိမ်းလိုက်ပြီးနောက် WHO ၏ ညွှန်ကြားရေးမှူးချုပ် Mr. Tedros Adhanom Ghebreyesus က သတင်းထောက်များနှင့် တွေ့ဆုံမှုတွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရောဂါပိုးကူးစက်ပြန့်ပွားမှု အမြင့်ဆုံးကာလတွင် တစ်ရက်ကို ကူးစက်မှုအသစ် ၇၀၀ ကျော် တွေ့ခဲ့သော်လည်း အခုအခါ၌ ၄၀ ပတ်ဝန်းကျင်သာ တွေ့ရှိပါကြောင်း၊ ၎င်းအပြင် ဂျပန်သည် သေဆုံးသူအရေအတွက်ကို အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောဆိုခဲ့ပါသည်။

WHO ၏ အရေးပေါ် အစီအစဉ်များဆိုင်ရာ အမှုဆောင်ဒါရိုက်တာ Mr. Michael Ryan က ကမ္ဘာတစ်လွှားရှိ နိုင်ငံအများစုသည် ကိုရိုနာဗိုင်းရပ်ကူးစက်မှု ပထမလှိုင်း၏အလယ်တွင် ရောက်ရှိနေကြကြောင်း၊ နောက်ထပ် လအနည်းငယ်ကြာပါက နိုင်ငံအများအပြားတွင် ကူးစက်ပြန့်ပွားမှုများ ထပ်မံဖြစ်ပွားလာနိုင်ပါကြောင်းဟု သတိပေးပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ကိုရိုနာဗိုင်းရပ်စ်ကို ကိုင်တွယ်ဖြေရှင်းရေး မူဘောင်တစ်ခုထူထောင်ကြရန် ဂျပန်နှင့်ဥရောပသမဂ္ဂသဘောတူခဲ့ကြ

ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe နှင့် ဥရောပသမဂ္ဂ (EU) ၏ ခေါင်းဆောင်များသည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်နိုင်မည့် ကုသဆေးနှင့်ကာကွယ်ဆေးများကို မည်သည့်နိုင်ငံကမဆိုရရှိနိုင်ရေး အာမခံဆောင်ရွက်ပေးမည့် မူဘောင်တစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေး ကြရန်သဘောတူခဲ့ကြပါသည်။

ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe သည် ဥရောပ ကောင်စီဥက္ကဋ္ဌ Mr. Charles Michel ၊ ဥရောပ ကော်မရှင် ဥက္ကဋ္ဌ Ms. Ursula von der Leyen တို့နှင့် မေလ ၂၆ ရက်က Video Conferencing ဖြင့် အစည်းအဝေးဆောင်ရွက်ခဲ့ပြီး ကိုရိုနာကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထောက်အပံ့ပေးရန်ကိစ္စမှာ အရေးပါကြောင်းကို သဘောတူခဲ့ကြကြောင်း သိရပါသည်။

ကပ်ရောဂါ ကုသဆေးများနှင့်ကာကွယ်ဆေးများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရရှိနိုင်စေရေးအတွက် စီမံခန့်ခွဲနိုင်မည့် နိုင်ငံတကာ မူဘောင်တစ်ခုဆောင်ရွက်ရန် Mr. Abe က အဆိုပြုခဲ့ပါသည်။ ဂျပန်နှင့် ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် အဆိုပါ အရေးကိစ္စနှင့်ပတ်သက်ပြီး ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ ကြကြောင်းသိရပါသည်။

စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ Mr. Abe က ကမ္ဘာ့စီးပွားရေးသည် ယခင်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်းနှင့်တွေ့ကြုံခဲ့ရသည့် အချိန်ကထက် အများကြီး ပိုမိုဆိုးရွားသည့် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော်လည်း လူမှုအဖွဲ့အစည်း၏ ပုံစံအသစ်ကိုပြောင်းလဲရန် အခွင့်အလမ်းတစ်ခုပင်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကုန်စည်ဖြန့်ဖြူးရေးဆိုင်ရာ ကွင်းဆက်တွေ ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံများကိုဖြတ်ကျော်၍ လုံခြုံစိတ်ချရသော ဒေတာသတင်းအချက်အလက်များ စီးဆင်းမှုအဆင်ပြေချောမွေ့စေရန် နိုင်ငံတကာ ဆွေးနွေးမှုများကိုလှုံ့ဆော်အားပေးရန်လိုအပ်ပါကြောင်းကို ခေါင်းဆောင်များကအလေးထားဆွေးနွေးခဲ့ကြကြောင်း သိရပါသည်။

လက်ရှိဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ တုံ့ပြန်မှုများနှင့်ပတ်သက်၍လည်း ဘက်လိုက်မှုမရှိ၊ လွတ်လပ်စွာနှင့် ပြည့်ပြည့်စုံစုံ သုံးသပ် အကဲဖြတ်မှုမျိုးကို Mr. Abe က တောင်းဆိုခဲ့ပြီး Mr. Michel ကလည်း ဂျပန်ဝန်ကြီးချုပ်နှင့် အလားတူအမြင်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ကိုရိုနာကပ်ရောဂါအပေါ် ကမ္ဘာတစ်ဝှမ်းလုံးက ထိထိရောက်ရောက် တုံ့ပြန်နိုင်ရန်အတွက် မှန်ကန်သည့်အကြောင်းအရာများကို အခြေပြုသည့်သတင်းအချက်အလက်များ ရရှိနိုင်ရန်မှာ အရေးကြီးပါကြောင်းကို ခေါင်းဆောင်များအားလုံးက သဘောတူညီခဲ့ကြပါသည်။

ဂျပန်နှင့်ဥရောပသမဂ္ဂတို့အကြား မကြာသေးမီကတည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်က သက်ဝင်ခဲ့သည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နေကြသကဲ့သို့ ကိုရိုနာတိုက်ဖျက်ရေးအတွက် ဂျပန်နှင့် ဥရောပသမဂ္ဂအကြား မဟာဗျူဟာမိတ်ဖက်ပြုဆောင်ရွက်မှုကို အရေးပါသည့်အခန်းကဏ္ဍအနေဖြင့် မြှင့်တင် ဆောင်ရွက်သွားရန်ကိုလည်း ကတိပြုခဲ့ကြပါသည်။ ထို့အပြင် လာမည့်ဖွန်လနှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် G-7 ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာတက်ရောက်ဆွေးနွေးနိုင်နိုင်ရန်ကိုလည်း သဘောတူခဲ့ကြကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

# STOCK EXCHANGE (1.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 1st Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 10,500 | 11,000 | 10,500 | 551 | 6,041,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 9,184 | 34,899,500 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 115 | 931,500 | 10,400,986 | 84,248 |
| FPB | 00004 | 24,000 | +500 | +2.13% | 23,000 | 24,000 | 23,000 | 11 | 256,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,750 | 2,850 | 2,750 | 1,278 | 3,635,000 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 7,507 | 20,268,900 | 19,977,223 | 53,939 |


## Market summary

As of 1st Jun. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.47 | +0.77 | +0.17% | 445.52 | 458.47 | 445.52 | 18,646 | 66,032,400 | 6 | 682,179 |

### Index chart




## Market Overview

As of 1:00 pm, 1st Jun. 2020

| MYANPIX | 458.47 ▲ 0.77 |
|---|---|
| Total Volume (shares) | 18,646 |
| Total Value (MMK) | 66 mil |
| Listed Company | 6 |
| Market Cap. (MMK) | 682,179 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 50 |